**ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၃) ကျင်းပ**

**နေပြည်တော်၊ ဩဂုတ် ၂၃**

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၃) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မတီအနေဖြင့် ပြည်သူများ၏ စားရေးအတွက် အဓိကကျသည့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ရေးကို ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လက်တွေ့ကျပြီး အမှန်တကယ် ထိရောက်အကျိုးရှိမည့် နည်းလမ်းများကို အသုံးပြုပြီး သက်ဆိုင်ရာကော်မတီများ၊ ဌာန ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးမှု လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏတို့ကို ချိန်ဆပြီး လိုအပ်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဒေသအလိုက် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် အတွက် ပြည်ထောင်စုနှင့် တိုင်းဒသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊

ကုန်ပစ္စည်းထွက်ရှိရာဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ်ကြီးမြင့်စေသည့် စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ ကြားခံအဆင့် များပြားခြင်းကို

လျှော့ချနိုင်မည့် နည်းလမ်းများရှာဖွေခြင်း၊ ကုန်စည်အဝင် မရှိနှင့်-အထွက် မျှတမှု ရှိ/ ဝိသမလောဘသမားများ၏ ဈေးကစားမှု ရှိ မရှိ-ကို စုံစမ်းစိစစ်ခြင်းများ ဆောင်ရွက် နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါး ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကစားခြင်းနှင့် ဈေးကွက် အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လည်း လိုအပ်ကြောင်း၊

ဒေသအသီးသီး၏ ကုန်ပစ္စည်းအလိုက် သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြစ်စေရေး အတွက်သင့်လျော်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာ ကုစားဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်း ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၊ စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊/ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အောက်ရှိ သက်ဆိုင်ရာညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အထွေထွေ ကုန်စည်ဈေးနှုန်းမြင့်တက်လာပါက ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်လာမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက် မြင့်မားလာအောင် နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လက်ရှိအချိန်တွင် စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပ ပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊

အခြေခံစားကုန်ထုတ်လုပ်ရာတွင် အဓိကကျသည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေး ကဏ္ဍတို့မှာ ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် လိုအပ်သည့် ပံ့ပိုးမှုများပေးခြင်း၊ တစ်ပိုင် တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို အားပေးခြင်းစသည့် စည်းရုံးရေးနှင့် စီးပွားရေး နည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန် လိုအပ်ကြောင်း၊ လက်ရှိဆန်ဈေး၊ စားအုန်းဆီ ဈေးနှုန်းများမြင့်တက်နေခြင်းကို စနစ်တကျ စိစစ်သုံးသပ်လေ့လာပြီး ထိထိရောက်ရောက်

စီမံကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး /ပြည်နယ်အလိုက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်အောင် တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်း ပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ယခင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီ အဖွဲ့ဝင်များက မိမိတို့ဒေသ/ဌာနနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးတင်ပြကြ ပါသည်။

ထို့နောက် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌက ဆွေးနွေးတင်ပြ ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**